*For Those  Seeking The Truth & Dynamic Living*

*"သမ္မာတရားနှင့် ကြွယ်ဝသော အသက်တာ ရှာဖွေသူများအတွက်"*

ဇူလိုင်၊ ဩဂုတ်လ ၂၀၁၀

# “ ဝမ်းနည်းသော စကားပြောခြင်း”
# “Saying Sorry”

“ထို့ကြောင့် အကြင်သူသည် ဤသူငယ်ကဲ့သို့ မိမိကိုမိမိ နှိမ့်ချအံ့၊ ထိုသူသည် ကောင်းကင် နိုင်ငံတော်၌ သာ၍ကြီးမြတ်လိမ့်မည်။" (ရှင်မဿဲ ၁၈း၄)

“ ထိုအခါ တပည့်တော်တို့သည် ချဉ်းကပ်၍ ကောင်းကင်နိုင်ငံတော်၌ အဘယ်သူ သည်သာ၍ ကြီးမြတ်ပါအံ့နည်းဟုမေးလျှောက်ကြသော် သူငယ်တစ်ယောက်ကို ခေါ်တော်မူ၍ တပည့်တော်တို့အလယ်၌ထားပြီးမှ၊ ငါအမှန်ဆိုသည်ကား သင်တို့သည် ပြောင်းလဲ၍ သူငယ်ကဲ့သို့မဖြစ်လျှင် ကောင်းကင်နိုင်ငံသို့မရောက်ရကြ။ ထိုကြောင့် အကြင်သူသည် ငါ့မျက်နှာကို ထောက်၍ ဤကဲ့သို့သော သူငယ်တစုံတယောက်ကို လက်ခံ၏၊ ထိုသူသည် ငါ့ကိုပင် လက်ခံ၏။ (ရှင်မဿဲ ၁၈း၁–၂)

သူငယ်တစ်ယောက်သည် သတိရှိစွာ မိမိကိုယ်မိမိမနှိမ့်ချ။ မိခင်၏ မှန်ကန်စွာပြစ်ဒဏ်ပေးခြင်းသို့မဟုတ် ထိန်းချုပ်မှုအောက်၍ မူတည်သည်။ ဒါပေမယ့် အသက်ကြီးလာသောအခါ သေးငယ်သော အမှု၌ နာကြည်းဒေါသဖြစ်လေ့ရှိတတ်၏။ ဤနာကြည်း ဒေါသဖြစ်ခြင်းသည် ကြီးမားသော တောင်ကြီးကဲ့သို့ ကြီးထွားလာတတ်၏။ တချို့သော သူတို့သည် ဤတောင်ကြီးကိုမဖယ်ရှားနိုင်။ နှစ်ကြာလာသောအခါ ဒေါသဖြစ်ခြင်း၊ မခွင့်လွှတ်နိုင်သော စိတ်ဓာတ်ဖြစ်လာတတ်၏။

တချို့သောသူတို့သည် အရည်အချင်းရှိကြ၏။ ဒါပေမယ့် ဘုရားသခင်သည် သူတို့ကို အသုံးမပြုနိုင်။ အဘယ်ကြောင့်ဆိုသော် မိမိကိုယ် မိမိမနှိမ့်ချနိုင်သောကြောင့်ဖြစ်သည်။ ဖြောင့်မတ်သောသူသည် ဖြောင့်မတ်သောသူများအတွက် သေဆုံးခဲ့ကြ၏။ ထို့ကြောင့် အကျွန်ုပ်တို့၏ အသက်တာသည် နှိမ့်ချသင့်ပေသည်။ အလင်း လင်းစေနိုင်ဖို့ လျှပ်စစ်ခလုပ်ကို တောင်မဖွင့်ပဲနေလျှင် အလင်းကိုအဘယ်ကဲ့သို့ရနိုင်ပါမည်နည်း။ အလင်း ရနိုင်ဖို့လျှပ်စစ်ခလုပ်ကိုဖွင့်ဖို့ဆန္ဒမရှိပဲ ပျင်းရိစွာနေလျှင်ဘုရားသခင်က သင့်ကိုအဘယ်သို့ အသုံးပြုမည်နည်း။ သင်သည်ဖြောင့်မတ်သည်ဟုခံစားလျှင် အဘယ်သို့ တပါးသောသူ

အပေါ်၌ ဝမ်းနည်းသောစကားပြောသနည်း ၊ သင်၏အသက်တာကို ရှေးဦး စွာစစ်ဆေးပါ။ စစ်မှန်သောစိတ်ခံစားသည် အကျွန်ုပ်၏ အသက်တာ၌ ရှိ၏။ သင်၏အသက်တာ၌လည်းရှိ၏။ ဒါပေမယ့် တစုံတယောက်သော အသက်တာမရှိပါ။ စိတ်သ ဘောထားဆိုးသောစိတ်ခံစားသည် ကျွန်ုပ်တို့ကိုဝန်းရံကြ၏။ နိုင်ငံရေးသမားများ၊ ခေါင်းဆောင်ကြီးများလည်း လိမ်ပြောတတ်ကြသည်။ နေရာတိုင်း၌ မုသားစကားချည်းဖြစ်၏။ ဤသဘောထားဆိုးသောစိတ်ခံစား၊ လိမ်ပြောလိုသောစိတ်ခံစားသည် အကျွန်ုပ်တို့ အထဲ၌ရှိသော အရာပင်ဖြစ်သည်။ ယေရှုခရစ်တော်သည် လူဝင်စားပြီးသမ္မာတရား လည်းဖြစ်သည်။ ဘုရားသခင်သည် သင့်ကို ဖြောင့်မတ်သောသူ၊ မှန်သော စိတ်ခံစားရှိ သောသူ ဖြစ်စေချင်သည်။ အရာရာကို ရင်ဆိုင်ဖို့မကြောက်ပါနှင့်။ အဘယ်ကြောင့်ဆိုသော် နှိမ့်ချသော အသက်တာနှင့် အသက်ရှင်ပြီး သမ္မာတရားကို ဟောပြောသော ကြောင့်ဖြစ်သည်။ ထို့ကြောင့် သမ္မာတရားကိုဟောပြောသောအခါ လူတွေယုံကြည်ကြ၏။ အလွန်အံ့အားသင့်ဖွယ်ကောင်းသော အရာပင်ဖြစ်သည်။

– ယောရှု ဒံယေလ

“အသက်တာ စမ်းစစ်ခြင်း”

Reality Check

“ ဘုရားသခင်မရှိဟု မိုက်သောသူသည် ထင်တတ်၏။ ထိုသို့သောသူတို့သည် ဆွေးမြေ့ယိုယွင်း၍ စက်ဆုတ်ဖွယ်သောအမှုကိုပြုတတ်ကြ၏။ ကောင်းသောအမှုကို ပြုသော သူတယောက်မျှမရှိ။ နားလည်သောသူ၊ ဘုရားသခင်ကို ရှာသောသူတစုံတယောက်ရှိသည်မရှိသည်ကိုသိခြင်းငှါ ထာဝရဘုရားသည် ကောင်းကင်ပေါ်မှ လူသားတို့ကို ငုံ့၍ ကြည့်ရှုတော်မူ၏။ (ဆာလံ ၁၄း ၁–၂)

“လင်းနေသော မီးလုံး”

“Light Bulbs”

သောမတ်စ်(စ်) အီဒီဆန်သည် ထက်မြတ်သောစိတ်ခံစားဖြင့် လျှပ်စစ်ခံစားကိုတီထွင် သူတစ်ယောက်ဖြစ်လာသည်။ ၃ လခန့်သာ နည်းဥပဒေသနှင့်အညီ လျှပ်စစ်တီထွင်ခြင်းကို သင်ယူသော်ငြားလည်းပဲ သူ၏တီထွင်ခြင်းသည် ပြောင်းလဲခဲ့သည်။ သူ၏တီထွင်မှုလျို့ဝှက်သည် “၁ ရာခိုင်နှုန်းဥာဏ်ရည်အားဖြင့်၊ ၉၉ ရာခိုင်နှုန်းသည် လက်တွေ့လုပ်ဆောင်ခြင်းအားဖြင့်” ဖြစ်သည်။ သူ၏ထက်မြက်သော စိတ်ခံစားနှင့် နေ့တိုင်းလက်တွေ့ တီထွင်မှုစတင်ခဲ့ပါသည်။ မိသားစုများနှင့်သူငယ်ချင်းများသည် အီဒီဆန်၏တီထွင်မှုတွင် အလေးမထားဘဲနေကြသည်။ သို့သော် သူသည် စိတ်မပျက်၊ အားမလျှော့ စမ်း

သပ်မှု ပြုလုပ်ခဲ့သည်။ အကြိမ်တစ်ထောင် စမ်းသပ်မှုပြုလုပ်သော်လည်းပဲ မအောင်မမြင်ဖြစ်သည်။ သူ၏တီထွင်မှုကြောင့် နေရာအသီးသီး၌ ကျော်ကြားလာသည်။ သူသည် မူရင်းပုံစံအတိုင်းနောက်ထပ် နှစ်နှစ် ဂျပန်နိုင်ငံ၏ တောအုပ်ထဲတွင် စမ်းသပ်မှုပြုလုပ်ခဲ့သည်။ နောက်ဆုံးတွင် ကာဗွန်ဓာတ်အဖြစ်သို့ပြောင်းစေသည့် ကြိုးကျစ်မျှင်ကို အသုံးပြုသည့်အခါ သူ၏တီထွင်မှုကို အောင်မြင်ခဲ့သည်။ ကမ္ဘာတဝှမ်းလုံး၌ လျှပ်စစ်ဓာတ်ရရှိခဲ့သည်။

ယနေ့မီးလုံးများသည် အထဲတွင်အပိုင်း ၃ ပိုင်းရှိကြသည်။ အထဲတွင် ဖန်ထည်ရှိပြီး ကြိုးမျှင်လေးကဝိုင်းရံထားသည်။ ပြီးနောက်မီးလုံးအထဲတွင် ဓာတ်ငွေ့များ ရောနှောထားပြီး၊ အာဂွန်ဓာတ်ငွေ့နှင့် နိုက်ထရိုဂျင် ဓာတ်ငွေ့ပါဝင်သည်။ မီးလုံး၏ အလယ်မှာ ကြိုးမျှင်လေး ရှိသည်။ ၄၅၀၀ ဒီဂရီအထိမြင့်သော အပူချိန်နှင့် မီးရောင်ထွက်လာသည့်အခါ လျှပ်စစ်မီးခလုပ်ကို ပိတ်ပေးရသည်။ မီးလုံးကို ဖုံးအုပ်သော အပြင်ပိုင်းမှန်ပြားသည် လူသား၏ခန္ဓာကိုယ်ကိုဆိုလိုပြီး၊ မီးလုံးအထဲ၌ရှိသော ဓာတ်ငွေ့များသည် လူသား၏ ဥပမိရုပ်ကို ပုံဆောင်သည်။ မီးလုံး၏ အလယ်တွင် အလင်းပေးသော ကြိုးမျှင်လေးများသည် လူသား၏ စိတ်ဓာတ်ကို ဆိုလိုပေသည်။ ဤအခြင်းအရာ၌ အရေးကြီးဆုံးသော အရာသည် စိတ်ဓာတ်ပင်ဖြစ်သည်။

အေး(လ်)ကားနစ် (ဂျ်)သည် ရေဒီယိုအသံဖမ်း အစီအစဉ်တွင် "အကြီးမားဆုံးသော သင်ခန်းစာ သင်ယူခဲ့သည် အရာဘာလဲ" ဟုမေးမြန်းသောအခါ အရေးကြီးဆုံးသောအရာသည် စိတ်ဓာတ်ဖြင့်စဉ်းစားတွေးတောခဲ့သည့် အရာဖြစ်သည်ဟု လျင်မြန်စွာ ဖြေဆိုခဲ့ပါသည်။ လူသား၏ အရေးကြီးဆုံးအပိုင်းသည် စိတ်ဓာတ်အတွေးခေါ်ဖြစ်သည်။ လူသား၏ ဘဝသည် သူ၏ စိတ်ဓာတ် အတွေးခေါ်၌ မူတည်၏" သူသည်သူ၏စိတ်ထင်သည့်အတိုင်းဖြစ်၏။ (သုတ္တံ ၂၃း ၇)
(ကောက်နုတ်ထားသည်)

## "စကော့တလဲန်၏ ကြီးမြတ်သောရှင်ဘုရင်"
## "The Great King of Scothland"

အေအိတ်(ချ်) စတျူးဝါ(ဒ်) ပြောဆိုခဲ့သော စကော့လဲန် ဘုရင်ရော့ဘတ်ဘရူး အကြောင်းကြားနာသည့်အခါ အကျွန်ုပ်၏နှလုံးတုန်လှုပ်ခဲ့သည်။ ရော့ဘတ်ဘရူးသည် အင်္ဂလိပ်စစ်သည်တော်များ၏ဘုရင်အက်ဝေ့ါလက်အောက်မှ ထွက်ပြေးခဲ့သည်။ လမ်းမကြီးကို ဖြတ်ကျော်ပြီးထူထပ်သောတောအုပ်ထဲ၌ လွတ်မြောက်ဖို့ရန် ထွက်ပြေးခဲ့သည်။ တစ်မိုင်ခန့်လောက်ပြေးလွှားသည့်အခါ သူ၏ရန်သူများနှင့် အမဲလိုက်ခွေးများ၏ဟောင်သံများ နောက်မှလိုက်နေသည်ကို ကြားခဲ့ရသည်။ တစ်မိုင်ကျော်ခန့်ပြေးလွှားပြီးသည့်အခါ

မောပန်းနွမ်းနယ်ပြီး တောင်အောက်သို့ ချောမွတ်စွာစီးဆင်းနေသော ချောင်းလေးတခုကို တွေ့မြင်ခဲ့သည်။ နာရီပိုင်းမျှအနားယူပြီးမှ စီးဆင်းနေသောရေထဲသို့ ဒိုင်ဗင်ထိုးချလိုက်ပြီး တဖက်ကမ်းသို့ ဖြတ်ကူးခဲ့သည်။ တနေရာ၌ ပုန်းအောင်းပြီးနားထောင်သည့်အခါ စစ်သည်တော်များနှင့် အမဲလိုက်ခွေးများ၏ဟောင်သံများ အနံ့ရှူသံများကြားနိုင်ခဲ့သည်။ စီးဆင်းနေသောရေကကာရံပြီး ဆေးကြောပေးခဲ့သည်။ ရေဘတ်ဘရျူးသည် သူ၏ ရန်သူများလက်မှ လွတ်မြောက်နိုင်ခဲ့သည်။

အို ချစ်သောသူငယ်ချင်း၏ နောက်မှတကောက်ကောက် အနံ့ခံပြီးလိုက်နေကြသောရန်သူများကို စမ်းချောင်းလေးကကာရံပြီး ဆေးကြောပေးခဲ့သည်။ ထိုနည်းတူစွာ လူသားများ၏ အပြစ်ဒုစရိုက်သည် အလွန်မွန်မြတ်သော ခရစ်တော်၏ သွေးသားဖြင့် ဆေးကြောပေးခဲ့သည်။ ခရစ်တော်ကို ယုံကြည်ကိုးစားပြီး အထံတော်သို့ ရောက်လာသောသူတိုင်း အပြစ်တရားစီရင်ခြင်းမှ လွတ်မြောက်မည်ဖြစ်သည်။ ဆာလံဆရာကြီး ပြောဆိုသည်မှာ အကျွန်ုပ်သည်ကိုယ်အပြစ်ကို ရှေ့တော်၌ဝန်ချပါ၏။ ပြုမိသော ဒုစရိုက်ကို ဝှက်၍ မထားပါ။ ငါလွန်ကျူးသော အရာကို ထာဝရဘုရားအား ဖော်ပြတောင်းပန်မည်ဟု ပြောဆိုသောအခါ ကိုယ်တော်သည် အကျွန်ုပ် ပြစ်မှားခြင်းအပြစ်ကို လွတ်မြောက်စေတော်မူ၏ (ဆာလံ ၃၂း ၅)။ ကိုယ့်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကို လွှတ်၍ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့် လည်းကောင်းပြည့်စုံတော်မူ၏။ (ရှင်ယောဟန် ပဌမစာစောင် ၁း၉)

ဟဲန်ရီ အေအိုင်း ယဲန်ဆိုက်

## “အဆုံးမရှိသော ဥစ္စာခနေ”
## “ Endless Resources”

ဇာတိပကတိ စိတ်သဘောသည် သေခြင်းအကြောင်းဖြစ်၏။ ဝိညာဉ် ပကတိ စိတ်သဘောသည် အသက်ရှင်ခြင်းအကြောင်းနှင့် ငြိမ်သက်ခြင်းအကြောင်းဖြစ်၏။ (ရောမ ၈း၆)

ဤကျမ်းပိုဒ်ကို ကြည့်ရှုလေ့လာသည့်အခါ ဝိညာဉ်ပကတိ စိတ်သဘောနှင့် ဇာတိပကတိ စိတ်သဘော၏ ကွာခြားချက်များ တွေ့နိုင်သည်။ ဇာတိပကတိ ရှိသောသူတို့သည် ဇာတိပကတိနှင့်ဆိုင်သောအရာတို့ကို စွဲလမ်းသောစိတ်သဘောရှိကြ၏။ ဇာတိပကတိ စိတ်သဘောသည် သေခြင်းအကြောင်းဖြစ်သည်။ ဘုရားသခင်၏ စိတ်သဘောနှင့်လည်း မတွေ့နိုင်ကြ။ ချောဆီမထည့်ထားသောစက်သည် ကြာရှည်မခံသလို ဝိညာဉ်တော်၏ ချစ်ခြင်းမေတ္တာနှင့် ယုံကြည်ခြင်းအားဖြင့် ခရစ်တော်နှင့် အသက်မရှင်သော

ဇာတိပကတိ စိတ်သဘောသည်လည်း ကြာရှည်မခံချေ။ ဝိညာဉ်ပကတိနှင့် အသက်ရှင်သော သူအပေါင်းတို့သည် အဆုံးမရှိသော ဥစ္စာဓနလက်ခံရရှိမှာဖြစ်သည်။ ဇာတိပကတိ စိတ်သဘောရှိသောသူမူကား သေခြင်းအကြောင်းဖြစ်သည်။

မစ်တာဂျော်(န်)သည် "မုန်ညင်းစေ့ကဲ့သို့ယုံကြည်ခြင်း" အကြောင်းကို တရားဟောခဲ့သည်။ ဤယုံကြည်ခြင်းအကြောင်း တရားဟောပြောနေစဉ် နေမကောင်းသော အမျိုးသမီးကို အချို့သောဟင်ဒူဆရာများဆီသို့ အနာငြိမ်းစေရန်ယူဆောင်လာကြသည်။ ဤအမျိုးသမီးသည် မြွေကိုက်ခံခြင်းမှနေ့ပေါင်းများစွာ နေမကောင်းပဲနေခဲ့ရသည်။ မစ္စတာဂျော်(န်)က သင်တို့သည် မုန်ညင်းစေ့ကဲ့သို့ယုံကြည်ခြင်း ရှိမရှိကို ဖော်ပြလိုသောကြောင့်ဖြစ်သည်။ အစည်းအဝေး၌ပါဝင်သော ယုံကြည်သူအားလုံးဒူးထောက်လျှက် ဆုတောင်းသောအခါ အမျိုးသမီးသည် အနာငြိမ်းခြင်း၊ ကျန်းမာခြင်းအခွင့်ကို ရရှိ၏။

ဇာတိပကတိအားဖြင့် အသက်ရှင်သောသူမူကား သေခြင်းကြောင်းဖြစ်၏။ ဝိညာဉ်ပကတိနှင့် မွေးဖွားလာပြီး အသက်ရှင်သောသူမူကား ဝိညာဉ်တော်၏ လမ်းပြပို့ဆောင်တော်မူခြင်းကို လက်ခံရရှိမှာဖြစ်သည်။ ထိုဝိညာဉ်တော်၏လမ်းပြပို့ဆောင်ခြင်းကို နာခံပြီးလိုက်နာသော အသက်တာ၌ ဘုရားသခင်၏ ကြီးမားသော အကြံအစည်ကို နားလည်သဘောပေါက်မှာဖြစ်သည်။ အရာရာ၌ပျင်းရိသောသူ မဖြစ်ပါနှင့်။ ဝိညာဉ်ပိုင်း၌ စိတ်အားထက်သန်သောသူ ဖြစ်ဖို့ရန်ကြိုးစားပါ။ ဝိညာဉ်ပကတိသဘောသည် ဘုရားသခင်ချီးမွမ်းခြင်းနှင့် ပြည့်လျှံ၏။ ဘုရားသခင်ကို ကြောက်ရွံ၍ ပညတ်တော်တို့၌ အလွန်မွေ့လျော်သောသူသည် မင်္ဂလာရှိ၏။ စိတ်နှိမ့်ချသောသူတို့အား ကျေးဇူးပြုတော်မူ၏။ ဘုရားသခင်သည် ပျင်းရိသောသူတို့ကို အမှုတော်မြတ်၌ မရွေးချယ်သည်သာမက အသုံးမပြုပါ။ ပျင်းရိသော သူတို့အတွက် ကောင်းကင်ဘုံ၌နေရာမရှိပါ။

ဘုရားသခင်၏ နိုင်ငံတော်သည် အစားအသောက်၌မတည်။ ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခံရသောဝမ်းမြောက်ခြင်း၌ တည်၏ (ရောမ ၁၄း၁၇)။ ဘုရားသခင်၏ နိုင်ငံတော်သည် ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်း၌ တည်၏။ ဘုရားသခင်အသုံးပြုတော်မူသော သူမည်သည်ကား နက်နဲသော ငြိမ်သက်ခြင်းရှိတော်မူ၏။ ဘုရားသခင်သည် သူနှင့်အတူပါရှိတော်မူပြီး ဝိညာဉ်တော်အားဖြင့်ခံရသော ဝမ်းမြောက်ခြင်းကို လက်ခံရရှိတော်မူသည်။ ဝမ်းမြောက်ခြင်းသည် အသက်တာ၌ အလင်းကဲ့သို့ထွန်းလင်းစေသည်။ သင်သည်အလုပ်ပိုလုပ်သည်ဟုထင်ပါသလား။ ဘုရားသခင်၏ ကောင်းမြတ်ခြင်းကြောင့် သင်သည် အလုပ်လုပ် နိုင်ခြင်းဖြစ်သည်။

ထိုကဲ့သို့တပါးသောသူတို့အိမ်၌ရှိသော အသင်းတော်ကိုလည်း နှုတ်ဆက်ကြလော့ (ရောမ ၁၆း၅)။ အသင်းတော်သည် အဘယ်နည်း။ အသင်းတော်သည် ဖြောင့်မတ်ယုံကြည်သူတို့၏ အစည်းအဝေးပင်ဖြစ်သည်။ ထိုကြောင့် လင်ယောကျ်ားနှင့် မယားတို့သည် တညီတညွတ်တည်းဆုတောင်းပြီး မြုပ်နှံသောအခါ သူတို့သည် အသင်းတော်ဖြစ်၏။ မကောင်းဆိုးဝါးသောအမှု၌ သတိရှိစွာနေကြလော့။ ဘုရားသခင်နှင့်အတူ ရှိတော်မူသောသူသည် အရာရာ၌အောင်မြင်ပြီး၊ မကုန်ခန်းနိုင်သော စွမ်းအားရှိသည်။ ဇာတိပကတိမှ ဝိညာဉ်ပကတိနှင့် အသက်ရှင်လျှင်ကြီးမားသောစွမ်းအား လက်ခံရရှိမှာ ဖြစ်သည်။ တန်ခိုးကြီးသော ဘုရားသခင်၏လက်တော်အောက်၌ ကိုယ့်ကိုကိုယ်နှိမ့်ချပြီး၊ ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ကိုးစားသောအခါ သင်၏လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်။ သို့ပြုလျှင် မကုန်ခန်းနိုင်သော စွမ်းအားနှင့် အဆုံးမရှိသော ဉစ္စာနေပိုင်ဆိုင်သူဖြစ်မည်။

– အမ်(န်) ဒံယေလ

"များပြားသော မော့ရဲဗီး(န်)"
"More Moravians"

မော့ရဲဗီး(န်) သာသနာပြုပုဂ္ဂိုလ်များသည် သာသနာပြုရန် အနောက်အိန္ဒိယသို့ ထွက်ခွာသည့်အချိန်တွင် ဂျော်(န်)ဝက်ဆလီ၏ အသက်တာ မပြောင်းလဲသေးပါ။ သူတို့နှင့်အတူ သင်္ဘောပေါ်တွင်တွေ့ခဲ့သည်။ ဤအချိန်သည် ဇန်နဝါရီလ ၂၅၊ ၁၇၃၆ ဖြစ်ပြီး ရာသီဥတုဆိုးရွားသော အချိန်ဖြစ်သည်။ မုန်တိုင်းထန်ပြီး သင်္ဘောကို လှိုင်းများ ရိုက်ခတ်လေသည်။ ဂျော်(န်)ဝက်ဆလီသည် "ပြင်းထန်သော မုန်တိုင်း" ကြောက်ရွံ့သည်ဟု သူ၏ဂျာနယ်ထဲတွင် ရေးသားခဲ့ဖူးသည်။ ဒါပေမယ့် မော့ရဲဗီး(န်) သာသနာပြုပုဂ္ဂိုလ်များသည် ဘုရားသခင်ကိုကိုးစားသဖြင့် ကြောက်ရွံ့စိတ်လုံးဝမရှိပါ။ သင်္ဘောပေါ်တွင် ဝမ်းမြောက်စွာ ဇွဲရှိရှိဖြင့် ဘုရားသခင်ကို ချီးမွမ်းကိုးကွယ်နေခဲ့ကြသည်။ သူတို့ဝတ်ပြုနေစဉ် အလွန်ကြီးမားသော လှိုင်းထန်လာပြီး သင်္ဘောသည်လည်း အလယ်မှခွဲ၍လှိုင်းများက ဖုံးကွယ်ထားသည်။ အချို့အင်္ဂလိပ် ခရီးသည်များသည်လည်း အလွန်မြင့်သောလှိုင်းထလာပြီး သင်္ဘောယိမ်းယိုင်လာသောအခါ စိုးရိမ်ပူပန်ကြပြီး အသံနက်များဖြင့်အော်ကြလေသည်။ ဂျော်(န်)ဝက်ဆလီသည် မော့ရဲဗီး(န်) ခေါင်းဆောင်ကို သင်္ဘောပေါ်တွင် မေးမြန်းခဲ့သည်မှာ– သင်သည် ကြောက်လန့်စိုးရိမ်ပါသလား။ မကြောက်လန့်ပါ။ ကျေးဇူးတော် ချီးမွမ်းတယ်။ သင်၏ အမျိုးသမီးနှင့် ကလေးများ ကြောက်လန့် စိုးရိမ်သလား။ လုံးဝမကြောက်လန့်ပါဟု ပြန်ဖြေခဲ့သည်။

လောဒ်ဒေါန် ရောက်လာသည့်အခါ မော့်ရဲဗေး(န်) အစည်းအဝေး၌ မေလ ၂၄၊ ၁၇၃၈ တွင် သွားရောက်ပါဝင်ခဲ့သည်။ အစည်းအဝေးတက်ရောက်ခြင်းအားဖြင့် ခွန်အားရလာပြီး သူ၏နှလုံးသား၌ နွေးထွေးစွာခံစားလာသည်။ ဘုရားသခင်ကို ယုံကြည်လက်ခံရရှိပြီး ကယ်တင်ခြင်းရရှိခဲ့သည်။ ဂျော်(န်)ဝက်ဆလီသည် ကျော်ကြား သောခရစ်ယာန်တရားဟောဆရာဖြစ်လာသည်။ ယုံကြည်ခြင်းအားဖြင့် အသက်တာ လျှောက်လှမ်းပြီး ဘုရားသခင်အသုံးပြုတော်မူသောသူ ဖြစ်လာသည်။